အတွဲ-၄ အမှတ်-၄၇၊

# ရွှေသွေး ဂျာနယ်

၏

# ပေါက်ဆုံး

ပန်းချီ ဦးဘကြည်
ဇာတ်လမ်း ဟန်ထွန်းနိုင်

၁၃၃၄-ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၁၈-၁၁-၇၂)



တခါက မြို့ငယ်ရွာလေးတွင် ဒေါ်စာအိနှင့် မသူဇာ အမည်ရှိ မြေးအဖွား နှစ်ယောက် ရှိ၏၊ အလွန်ရိုးသား၍ တရွာလုံးက ချစ်ခင်ကြသည်။ ကိုယ်ပိုင်အုန်းခြံတွင် နေထိုင်၍ ဒေါ်စာအိက အုန်းသီးရောင်း၏၊ မသူဇာက ဝဲမှုတ်ရောင်းသည်။


စနေနေ့တိုင်း ထုတ်ဝေသည်။


ဘကြီးချို - အင့် - ပဲပြုတ်...
ပဒင့် ဘကြီးချို - ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား။ ကြီးကြီး ခဲ့ ရှိဖြစ်တာ လိုလား။ မျက်နှာကြီးက အိုလို
ပြော် - ကျွတ် - ကျွတ် - ဖြစ်မှဖြစ်ရလေ.... ပဲပြုတ်ဖိုး - မယူတော့ပါဘူး၊ ကျွမ - က ကျွန်တော့တာပဲ!
မဟုတ်ပါဘူး - ခလေးမရယ် ဟို - သူဌေးကြီး - ဦးငွေဖြိုးကို ငွေတိုး - မဆပ်နိုင်လို့ ငါ့နွား - တရှဉ်း သိမ်းသွားတယ်ကွယ်။ အဲဒါလေး စိတ်မကောင်း ဖြစ်နေတာပါ
စေတနာကို - ဘကြီး - ချီးကျူးပါတယ် သာဓု - သာဓု - မင်းတို့က - သဘောကောင်း၊ သလောက် - ဦးငွေဖြိုး ကတော့ သဘောဆိုး၊ ယုတ်သကွဲ .
တနေ့သော် - မသူဇာ
ပဲပြုတ်ရောင်းရာ...
ဟယ် - ဘာထုပ်လေး ပါလိမ့်၊ နေလဲမြင့် လူကြီးအိမ်ကျမှ ဖွင့်ကြည့်ရ မယ်။
မသူဇာသည်
လမ်းပေါ်၌ အထုပ်တခုမြင်၍ -
ဖဲ၊ အကြွက်တော့ - ထင်သွားဖြီ၊ ဒီကောင်မလေး၊ က - ရိုးသားတော့ - ငါ့အထုပ် - ငါပြန်ရမှာပါဘဲ.....
အရေးကြီး၊ တာက - သူတို့
ဟဲဟဲ.
အမှန်မှာမသူဇာလာနေသည်ကိုမြင်၍ သူဌေး ဦးငွေဖြိုးက ထိုအထုပ်ကို
ချောင်းကြည့်နေ၏။
အဖွါးရယ် - - ဘကြီးချိုကြီး - သနားပါတယ်။ သူ့နွားတွေ - ဦးငွေဖြိုး - သိမ်းသွားလို့တဲ့....
တယ် - ဒီ - ငွေဖြိုး - ဟာ တယ်ဆိုးတယ်။ ငွေတိုးတွေ အဆမတန်ယူ၊ သူများပစ္စည်းတွေ - မတရားသိမ်းလို့သိမ်း - ခက်ပါတယ်
အထုပ် တထုပ်လဲ - လမ်းမှာ ကောက်ရလာတယ် -
မသူဇာသည် အိမ်ပြန်ရောက်
အဖွားဒေါ်စာအီအား ပြောပြလေသည်။
ဟင် - ငွေထုပ်ကြီးပါလား - ငွေကလဲမနဲဘူး၊ သုံးထောင်တောင်။ ပျောက်တဲ့လူကတော့ နှမြောရှာမှာဘဲ။
ဟါ - ဒီလိုဆို သူ့ကို - လိုက် ပေးမယ်လေ
မြေးလေး - မောလှရောပေါ့၊ အိမ်နားနီးချင်းတွေကို - သတင်းလွှင့်ထား လိုက်ပေါ့....


နောက်တစ်နေ့တွင် ဦးငွေဖြိုးရောက်လာ၏။
ဒေါ်စာအိ - ခင်မျာ့မြေးလေး - ကျုပ်ငွေထုပ် ကောက်ရထားတယ်ကြားလို့ လာခဲ့တယ်
ဟုတ်တယ် - သူ့ငွေးမင်းရှယ် ရော့ - ယူသွားပါ
ငွေထုပ်ကို ဖြေကြည့်ပြီးသော် ....
ဟင် - ကျုပ်ငွေ ပျောက်တာ - ငါးထောင်အဲဗျ။ ခု - သုံးထောင်အဲကျန်တော့ပါလား၊ ခင်များ တို့ - ယူသုံးထားတယ် ပေါ့လေ...
အောင်မယ်လေး - မသုံးရပါဘူးတော် ကောက်ရတာ ဒီလောက်အဲ တော့
ဟာ - ဒီလိုတော့ မတရားမလုပ်နဲ့ဗျာ... သူကြီးနဲ့တိုင်ယင် - ခင်များတို့ ဒုက္ခရောက် ကုန်မယ်။ အေးအေးဆေးဆေး ဖြစ်ချင်ယင်တော့ - ခင်များတို့ အနှုန်းခြံ ကို ကျုပ်လက်ထဲမှာ ခဏ သိမ်းထားရလိမ့်မယ်။ ငွေပြန်ဆပ်တဲ့နေ့မှာ အနှုန်းခြံကိုပြန်ပေးမယ်၊ ဘယ့်နှယ်လဲ - ဒေါ်စာအိ စဉ်းစားပါဗျာ
ကျုပ်ကို - စဉ်းစားစရာ မလို့ဘူး။ ဒါ - သူ့ငွေးမင်းက - မတော် မတရားလုပ်ခွဲထါ၊ သူကြီးနဲ့လဲ - တိုင်ချင် - တိုင်နိုင်တယ်တော့
ကောင်းပြီလေ၊ ဒါဖြင့် ကျုပ်ပြန်မယ်
နောက်တစ်နေ့၌ အမှုဆုံးဖြတ်ပေးရန် သူကြီး
အား တိုင်တန်းသဖြင့် ရွာသူရွာသားများစုရုံး
နားထောင်နေကြစဉ် —
ဦးငွေဖြိုး အခုနေနဲ့လဲ - မှန်သောစကားကို ပြော စေချင်ပါတယ်၊ အမှန်ကိုသိရမှသာ - တရားနည်း လမ်းကျကျ - ဆောင်ရွက်နိုင်လိမ့်မယ်
ကျုပ်က - လူကြီး လူကောင်းအဲ - မတရား - မပြော တတ်ပါဘူးဗျ - ဟဲဟဲ - ဟဲဟဲ
မသူ့ရဲ့ဂလဲ - မှန်တာကို ပြောနော် ....
ဟုတ်ကဲ့ရှင့်
ဘာမှ - ကြောက် စရာ - မရှိဘူး - မြေးရဲ့၊ မငိုနဲ့၊ တရားကို နတ်စောင့် ပါတယ်အေ


ဦးငွေဖြိုးကို - စပြီးမေးမယ်။ ခင်ဗျား ပျောက်တဲ့ငွေဟာ - ငါးထောင် ဆိုတာ အဖှန်ဘဲလားဗျာ
အဖှန်ပါဘဲ - သူကြီး ရယ်။ ကျုပ်က - မဖှန်တာ - ဘာလို့ ပြောရမှာတုံးဗျ၊
ကောင်းပြီလေ
မသူဇါကိုမေးဦးမယ်။ ခလေး မ - ငွေထုပ်-ကောက်ရပြီး - တခြားတနေရာမှာ ကော - ဖွက်ထားသေးသလား။
မလိမ်ပါနဲ့ ကွယ် မှန်မှန်ပြောပါ
မဖွက်ထားရပါဘူးရှင် မဖွက်ပါဘူး
မလိမ်ပါဘူး အဖှန်ကိုဘဲ ပြောတာပါ
ကောင်းပြီ၊ ဒါဖြင့် ဆုံးဖြတ်ချက်ပေးမယ်၊ ဦးငွေဖြိုးရော မသူဇါရော သဘောတူ ကြရဲ့လား
တူပါတယ်
တူပါတယ်
ယခုရောက်လာကြတဲ့ - ရွာမိ - ရွာဖ - ရွာသူ ရွာသားများကို သက်သေ ထားပြီး စစ်ဆေးရာ၌ - ထွက်ဆိုချက်များအရ - ကျုပ် ဆုံးဖြတ်လိုတာက - ဒီလိုပါ ---
ဦးငွေဖြိုး ပျောက်တဲ့ ငွေက - ငါးထောင် တဲ့၊ မသူဇါ ကောက်ရတာက - သုံးထောင်တဲ့ ဒီတော့ - ဒီသုံးထောင်ထုပ်ဟာ - ဦးငွေဖြိုး ပိုင်ငွေ - မဖြစ်နိုင်ဘူး ။ သူပျောက်တာ က - ငါးထောင် ကိုးဗျ။ ဒါကြောင့် မသူဇါကို အနိုင် ပေးပါတယ်။
ဖြောင်း ဖြောင်း
ဖြောင်း ဖြောင်း
ဖြောင်း
ဖြောင်း
ဖြောင်း
ဖြောင်း
ဖြောင်း ဖြောင်း
ဖြောင်း
ရွာသူရွာသားများက သူကြီး၏ ဆုံးဖြတ်ချက်ကို ကောင်းချီးပေးနေစဉ်....
ဒင်း---
တောက်---
ငါ့နှယ် နော်---
ရှက်လိုက်တာနော် ဟီး......
သူဌေးကြီး ဦးငွေဖြိုးမှာ ခေါင်းငိုက်စိုက်နှင့် ထပြန်သွားလေသတည်း။
ပြီး




ထိုအချိန်တွင်—



# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ ကျော်ကျော်




## ဂျက်ကားတီယေး

ပြင်သစ်နိုင်ငံ စိန်မာလိုမြို့၌ ၁၄၉၁ ခုနှစ်တွင် ဂျက်ကားတီယေးကို မွေးဖွားခဲ့သည်။ စိန်မာလိုမှာ သင်္ဘောသားကောင်းများ ထွန်းကားရာ ဒေသဖြစ်ရာ ဂျက်ကားတီယေးမှာလည်း အရွယ်ရောက်သောအခါ သင်္ဘောသားကောင်း တယောက် ဖြစ်လာလေသည်။ ရေကြောင်းဆိုင်ရာ စွန့်စားသွားလာမှုများကိုလည်း ပြုလုပ်ခဲ့လေသည်။

ဂျက်ကားတီယေး အသက် ၄၃ နှစ် အရွယ်တွင် သူ့ကို ပြင်သစ်ဘုရင် ပထမ ဖရန်စစ်က တိုင်းသစ် ပြည်သစ်ရှာဖွေရန်အတွက် သင်္ဘောများဖြင့် မြောက်အမေရိကတိုက်သို့စေလွှတ်လိုက်လေသည်။ ၁၅၃၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဂျက်ကားတီယေးသည် ပြင်သစ်မှ ထွက်ခွာလာခဲ့၏။ ရက် ၂၀ ခန့်ကြာသော် အတ္တလန္တိတ်သမုဒ္ဒရာ၏ တဖက်ကမ်းဒေသသို့ ရောက်ရှိသွား၏။ အလွန် အေးသောမြောက်အမေရိက ကမ်းခြေများကို ကျော်ဖြတ်ကာခရီးပြင်း နှင်ပြီးနောက် မြစ်ဝ တခုသို့ရောက်ရှိကြသည်။ ထိုမြစ်အတိုင်း ဆန်တက်သွားပြီး ခရီး အတန်ပေါက်သော်မျက်နှာကို ဆေးနီဆိုးထားကာဆံပင်တွင် ငှက်မွေး ငှက်တောင်များထိုးပြီးဒူးလေးကိုယ်စီကိုင်ဆောင်ထားကြသော တိုင်းရင်းသားများကို တွေ့ရလေသည်။ တိုင်းရင်းသားများမှာ ရန်မူလိုဟန်ရှိသော်လည်း ဂျက်ကားတီယေးတို့လူစုက လက်ဆောင်ပစ္စည်းများ ပေးကာ မိတ်ဆွေဖွဲ့လိုက်သဖြင့်ရင်းနှီးသွားကြသည်။



ရာသီဥတု ပြင်းထန်လာသော အခါတွင် ဂျက်ကားတီယေးသည် တိုင်းရင်းသား လူရိုင်းနှစ်ယောက်ကို ခေါ်ဆောင်ကာ ပြင်သစ်သို့ ပြန်လာခဲ့၏။ ထိုလူရိုင်းနှစ်




ယောက်ကို ပြင်သစ်ဘုရင်ထံ ဆက်သပြီး မိမိစွန့်စား သွားလာခဲ့ပုံကို လျှောက်ထားလေသည်။

၁၅၃၆ ခုနှစ်တွင် ဂျက်ကားတီယေးသည် သင်္ဘောသုံးစင်းဖြင့် မြောက်အမေရိကသို့ပင် ခရီးထွက်ပြန်သည်။ ဤအကြိမ်တွင် ရာသီဥတု မကောင်းသဖြင့် လေမုန်တိုင်းဒဏ်များကို ကြုံကြိုက်ခံကာ ခက်ခက်ခဲခဲသွားရပြီးနောက် ပထမအကြိမ်တုန်းက တွေ့ခဲ့သော မြစ်ဝသို့ပင် ရောက်ရှိသွားလေသည်။ ထိုမြစ်ဝသို့ ရောက်သောနေ့သည် ပြင်သစ်လူမျိုးတို့ ကျင်းပလေ့ရှိသော စိန့်လောရင့်ပွဲတော်နေ့ ဖြစ်သဖြင့် ထိုမြစ်ကို ''စိန့်လောရင့်မြစ်'' ဟု အမည်ပေးခဲ့၏။


စိန့်လောရင့်မြစ်အတိုင်း ဆန်တက်သွားကြရာ နောက်ဆုံးတွင် ရေလယ်ကျွန်းတကျွန်းသို့ ရောက်သွားကြ၏။ ထိုကျွန်းတွင်ရှိသော တောင်တတောင်ကို ''မွန်ထရီအောတောင်'' ဟုအမည်ပေးခဲ့၏။ ထိုအမည်ကိုအစွဲပြု၍ ရေလယ်ကျွန်းပေါ်တွင် တည်ရှိသောမြို့ကို ''မွန်ထရီအောမြို့'' ဟု ယနေ့ခေါ်ကြ၏။ မွန်ထရီအောကား ကနေဒါနိုင်ငံ၏ အရေးပါသောမြို့ကြီးတမြို့ဖြစ်နေပေပြီ။


ထိုနေရာသို့ ရောက်၍များမကြာမီ ဆောင်းရာသီဝင်ရောက်လာရာ ဂျက်ကားတီယေးနှင့် သူ၏ သင်္ဘောသားများသည် မြစ်ကမ်းပါးတနေရာတွင် ခံတပ်ဆောက်ကာ ခိုအောင်းနေကြရလေသည်။ ထိုအရပ်၏ ဆောင်းရာသီမှာအလွန်ဆိုးရွားလှ၏။ ပတ်ဝန်းကျင်တွင်အမြဲရေခဲလျက်ရှိပြီး ဆီးနှင်းများ အခဲလိုက်အခဲလိုက် အဆက်မပြတ်ကျနေ၏။ ထိုအချိန်တွင် စကာဗီခေါ် ရောဂါဆိုး ဖြစ်ပွားလာသဖြင့် သင်္ဘောသားအများအပြားမှာ သေဆုံးကုန်ကြသည်။ အလောင်းများကို ဆီးနှင်းများ အောက်တွင် မြှုပ်နှံကြရ၏။



ဆောင်းရာသီ ကုန်ဆုံးသောအခါ ဂျက်ကားတီယေးသည် တိုင်းရင်းသား အချို့ကို ခေါ်ဆောင်ကာ ပြင်သစ်သို့ ပြန်လာခဲ့သည်။ အသက်ကြီးပြီဖြစ်၍ မိမိစွန့်စားသွားလာခဲ့ပုံများကို ရေးသားရင်း အနားယူစဉ် ၁၅၅၇ ခုနှစ်တွင် ကွယ်လွန်သွားလေသည်။


ငွေလက်စွပ်ကလေး
တနင်္ဂနွေနေ့ ကျောင်းအားရက် နံနက်ဖြစ်သဖြင့် ကိုဝင်းတို့လူ သိုက်သည် ထုံးစံအတိုင်း လမ်းတွင်း သန့်ရှင်းရေးလုပ်ကြသည်။
အမှိုက်တွေ အများကြီးဘဲဟေ့
မြောင်းထဲကို ရေတွေများများသာ လောင်းပေးဟေ့၊ ဒါမှ အညစ်အကြေးတွေ ရေစီးထဲ မျောပါကုန်မှာ..
လမ်းပေါ်က အမှိုက်တွေကို ကျုံးပြီး ထိပ်က အမှိုက်ပုံးမှာ သွားပုံကြဟေ့
ကိုဝင်းသည် ရေတံခါးနားရှိ အမှိုက်များကို ကျုံးနေစဉ်—
ဟာ ငွေလက်စွပ်ကလေး တကွင်းပါလား.


ဟာ လှလိုက်တာ၊ အဲဒါ ရွှေ အစစ်ကွ ကိုဝင်းငေါ်! မှတ်ကာ ကဲ့ဟေ့
ဘာ မှ ရမှာလဲ၊ ဒို့ ဖေဖေ က ပြောထားတယ်၊ ကိုယ့် လုပ်အားနဲ့ ရှင်းရှင်းဖြူဖြူ ရှာဖွေ ထားတာ မဟုတ်ယင် ဘာ ပစ္စည်းကိုမှ မမက်မော ရဘူးတဲ့.
ဖိုးတော့လဲ ပစ္စည်း တခုခု ကောက်ရတဲ့ အခါ ပိုင်ရှင်တွေ့ယင် ပြန်ပေးရမယ်တဲ့၊ ဒါ လမ်းထဲ က တယောက်ယောက် ရဲ့ လက်ချိုးရင်းကျ ကျန် ခဲ့တာ ဖြစ်ရမယ်၊ ဒီတော့ လမ်းထဲက လူကြီး တယောက်ယောက်ဆီ သွားအပ်ထားရမယ်.
ထို့နောက် ကိုဝင်းသည် လမ်း... လူကြီး ဦးအေးဖေအိမ်သို့ ရောက်လာကြသည်
ဘကြီး ကျနော် ရေကုံပိုင်နားမှာ ... လက်စွပ်တကွင်း ကောက်ရတယ်၊ ပိုင်ရှင်... ပြန် ပေးဖို့ လာအပ်တာပါ.
အေး ဟုတ်လား အေး အေးနဲ့ ဒီလို ရိုးသားတဲ့ စိတ် ထားမျိုးမွေး တာ ကောင်း တာပေါ့ကွာ.
ထို့နောက်-
ရွှေလက်စွပ်တကွင်း ကောက်ရထားသည်၊ အမှတ်အသားနှင့်တကွ တိကျစွာ ပြောနိုင် သူ ပိုင်ရှင်တွေက ပြန်ပေးမည်တဲ့.
ညနေတွင်ကိုဝင်းသည်အိမ်၌စာဖတ် နေစဉ် ဦးအေးဖေအိမ်မှ လာခေါ် သည်။
ကိုဝင်း ဒို့ဖေဖေက ခေါ်လာပါဆိုတယ်
ဟေ-ဟုတ်လား
ဦးအေးဖေ အိမ်သို့ ရောက်သော်-
ကိုဝင်းကို အခေါ်လွှတ်ရတာ တခြားတော့ မဟုတ်ဘူး၊ မနက် က မင်း ကောက်ရတဲ့ လက်စွပ် ပိုင်ရှင်ဟာ သူပါ အဲဒါ---
ဟုတ်တယ် ငါ့တူရ၊ လွန်ခဲ့တဲ့ သုံးလေးရက်က ပျောက်သွားတာ၊ ဦးက တခြားတနေရာမှာများ ကျပျောက်ခဲ့သလားလို့ ထင်နေတာ၊ လက်စသတ် တော့ ရေကုံပိုင်မှာ ကျ ကျန်ခဲ့တာကိုး


ပစ္စည်းတန်ဖိုးကတော့ သိပ်မများပါဘူးကွယ်၊ ဒါပေမဲ့ ဒီပစ္စည်းက ဦးတို့မင်္ဂလာဆောင်မှာ ဦးရဲ့ ယောက္ခမတွေက ဦးတို့ဇနီးမောင်နှံအတွက် တယောက်တကွင်းစီ လက်ဖွဲ့ခဲ့တဲ့ ပစ္စည်းမို့ အမြတ်တနိုးထိန်းသိမ်းထားတာပါ...
ပျောက်တဲ့နေ့က ဦးဇနီးဖြင့် စိတ်မကောင်းလွန်းလို့ မျက်ရည်တောင်ကျတယ်၊ ခုလိုပြန်တွေ့တော့ ဝမ်းသာလို့မဆုံးဘူး၊ ဟောဒါ ငါ့တူကောက်ရတဲ့လက်စွပ်-
ဒါက ဦးဇနီးရဲ့ လက်စွပ်ပဲ..
ဟင်..တပုံစံ ထဲပဲနော်-
အေး..ဒီအတွက် ဦးက ငါ့တူကို ကျေးဇူးတင်လို့ မဆုံးဘူး၊ ပြီးတော့ ငါ့တူရဲ့ ရိုးသားမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ငွေတဆယ် ဆုချချင်လို့..
နေပါစေ ဦး..ကျနော် ဆုငွေ လိုချင်လို့ မဟုတ်ပါဘူး-
ဟုတ်ပါတယ် ငါ့တူရာ..လူတယောက်ရဲ့ ရိုးသားမှုကို ဘယ်လိုငွေကြေးအတိုင်းအတာ မျိုးနဲ့မှ တန်ဖိုး မဖြတ်နိုင်ပါဘူး၊ ငါ့တူရဲ့ ရိုးသားမှုကို ဦးက ချီးကျူးလေးစားပါတယ်၊ ဒီငွေကလဲ ဦးက ဂုဏ်ပြုတဲ့အနေနဲ့ ဆုချတာပါ..
ဟုတ်ပါတယ်ကွာ..ပေးတဲ့ လူ စိတ်ကောင်းအောင် ယူထားလိုက်ပါ-
ဦးအေးဖေ အိမ်မှအပြန် လမ်းတွင် သူငယ်ချင်းများကိုအကြောင်းစုံ ရှင်းပြပြီး—
ဒီငွေတဆယ်ကို ငါတယောက်ထဲအကျိုးအတွက် မသုံးချင်ဘူးကွာ၊ ဒီတော့ ဒီနေ့ သန့်ရှင်းရေးလုပ်လို့ ပင်ပန်းတဲ့အနေနဲ့ ပျော်ပွဲချက်စားကြမယ်.
လမ်းထိပ်က ကိုခင်လတ်ကြီးက ဟင်းချက် သိပ်ကောင်းတယ် ပြောတယ်..သူ့ကို အကူအညီခေါ်ပြီး ဒို့တတွေရဲ့ စုပေါင်းလုပ်အားနဲ့ ပျော်ပျော်ပါးပါးထမင်း ချက်စားကြတာပေါ့..



## ဗိတိုရိယ ရေတံခွန်

ဗိတိုရိယ ရေတံခွန်သည် အာဖရိကတိုက် တောင်ပိုင်းတွင် ရှိသည်။ အမေရိကတိုက်မှ နိုင်အာဂရာ ရေတံခွန်ထက်ပို၍ ကြီးမားခြင်းကြောင့် ကမ္ဘာတွင် သဘာဝ အံ့ဘွယ်တခု ဖြစ်ခဲ့သည်။ ၁၈၅၅ ခုနိုဝင်ဘာလ၌ ဒေးဗစ် လစ်ဗင်းစတုန်းက စတင်တွေ့ရှိခဲ့ပြီး အင်္ဂလိပ်ဘုရင်မကြီး ဗိတိုရိယကို အကြောင်းပြု၍ ဗိတိုရိယရေတံခွန်ဟု မှည့်ခေါ်ခဲ့သည်။


ဇန်ဘီဇီမြစ်ပေါ်ရှိ ဤရေတံခွန်၏ အထူးခြားဆုံး လက္ခဏာမှာ ပတ်ဝန်းကျင် မြေအနေ အထားသည် ရေတံခွန်တလျှောက် အများအားဖြင့် တပြေးညီနေခြင်းပင် ဖြစ်သည်။

ဇန်ဘီဇီမြစ်၏ အကျယ်ဆုံးနေရာသည် ပေ ၁၈၆၀ ကျော် ရှိပြီး ထိုမှ အောက်ပေ ၄၀၀ ရှိ ကျဉ်းမြောင်းသည့် တောင်စောက်နှစ်ခုကြားသို့ အရှိန်ပြင်းစွာဖြင့် စီးဆင်းသဖြင့် အထက်သို့ ရေမှုန်များလွင့်စဉ်တက်လာသည်။ ရေမှုန်များ အမြဲပိတ်ဖုံးနေပုံမှာ ရေနွေးအိုး ပွက်ပွက်ဆူနေသည်နှင့် သဏ္ဌာန် တူသောကြောင့် ထိုတောင်စောက်ကြားကို ''ရေဆူအိုး'' နေရာဟု ခေါ်ဝေါ်ကြသည်။

ဗိတိုရိယ ရေတံခွန်ရှိရာ ဒေသ တပိုက်ကို ရိုဒီးရှား အစိုးရက စောင့်ရှောက်ထိန်းသိမ်းပြီး လူထု အပန်းဖြေ ဒေသအဖြစ် ပြုလုပ် ပေးထားလေသည်။

မျိုးညွန့် (ရန်ကုန် တက္ကသိုလ်)

## စာပွဲတင် လူပြက်ရုပ်ကလေး




ပုံ (၁)နှင့် (၂)ကို စက္ကူ ခပ်ထူထူတွင် ကပ်၍ ညှပ်ပြီးပြထားသည့် အတိုင်း ကပ်ပါ။ ဘဲဥခွံတခုကို ပုံ(၃)ကဲ့သို့ လူပြက်ရုပ်ဆွဲပြီး ပုံအတိုင်း တပ်ဆင်ပါ။ စာပွဲတင် လူပြက်ရုပ်ကလေးရမည်။

လှမြင့်

# ကျောင်းသွားပေါ့

သင်လွင်မြေ ဖွန်းဖွန်း



"သား သား ကို ဖေဖေတို့ မေမေတို့က ပညာတတ်စေချင်လို့ ကျောင်းထားတာပါ သားရယ်။ သားသားက ကျောင်းမနေချင်ဘူးဆိုလို့ ဘယ်ဖြစ်ပါ့မလဲ။ သားသား ကြီးလာယင် ဆရာဝန်ကြီးတို့ အင်ဂျင်နီယာကြီးတို့ ဖြစ်ချင်တယ်ဆို။ ပြောလေ– ဘယ်လိုလဲ သားသား"

ကျွန်တော်၏ ဖေဖေသည် ရန်ကုန်မြို့မှ ဘားအံ့မြို့သို့ အစိုးရလုပ်ငန်းတာဝန်အရ ပြောင်းရွှေ့လာရ၏။ ကျွန်တော်နှင့် မေမေသည် ဖေဖေနှင့် အတူ လိုက်ပါလာရ၏။ ကျွန်တော်သည် ရန်ကုန်မြို့တွင် ရန်ကင်းအစိုးရ မူလတန်းကျောင်းမှ တတိယတန်းစာမေးပွဲကို အောင်မြင်ခဲ့ ပါသည်။ ယခုကျောင်းဖွင့်ချိန်တွင် စတုတ္ထတန်း၌ သင်ကြားရမည် ဖြစ်ပါသည်။ ယခုအခါ ကျောင်းဖွင့်ချိန် ဖြစ်၍ ကျွန်တော့်ကို ကျောင်း သွား ရန် ဖေ ဖေ က ချော့မော့ပြောဆိုလျက်ရှိ၏။

"သားသား ဒီမြို့ ကလေးမှာ မနေချင်ဘူး ဖေဖေ။ ဘာမှလဲ ပျော်စရာမရှိဘူး။ ရန်ကုန်မှာလို အောင်နီတို့၊ ငတိုးတို့၊ ငယ်ငယ် တို့လို ကျောင်းသွားဖော်သူငယ်ချင်းလဲ မရှိဘူး။ ဒီမှာနေရတာ သားသားသိပ်ပျင်းတာဘဲ"

ကျွန်တော်သည် စိတ်ထဲမှာရှိသမျှ မထိန်းချုပ်ပဲ ပြောလိုက်ပါသည်။ မျက်စိထဲ တွင်လည်း အောင်နီ၊ ငတိုး၊ ငယ်ငယ်တို့နှင့် အတူ ယခုကဲ့သို့ မိုးဦးကျစ အချိန်တွင် ကျွန်တော်တို့အိမ်ဘေး မြေကွက်လပ်ကြီး၌ ဘောလုံးကစားခဲ့ကြသည်ကို ပြန်၍ မြင်ယောင်နေမိပါသည်။

ဖေဖေသည်ကျွန်တော်ပြောသမျှကို ဂရုစိုက်၍ နားထောင်လျက်ရှိ၏။ ပြီးနောက် –

"အေးလေ၊ သားသားက ရန်ကုန်လို မြို့ကြီးကိုမှ အထင်ကြီးချင်တာကိုးကွဲ့။ ဒီမြို့မှာလဲ ပျော်စရာအများကြီးရှိပါတယ်။ ဖေဖေပြောတာ မှန်တယ် မမှန်ဘူးဆိုတာ သားသား တနေ့ကျတော့ သိမှာပါဘဲလေ" ဟုပြောရင်း ကျွန်တော့်အပါးမှ ထွက်ခွာသွားလေသည်။

တနေ့နံနက်ခင်းတွင်အသက်ခပ်ကြီးကြီး မိန်းမတဦးနှင့် ကျွန်တော့်အရွယ် လူငယ်သုံးဦး အိမ်သို့ ရောက်လာပါသည်။ ဖေဖေက ပြောပြသဖြင့် ထိုမိန်းမကြီးသည် ကျွန်တော်တို့ နေထိုင်သောရပ်ကွက် အစိုးရမူလတန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးဖြစ်ကြောင်းသိရပါသည်။ ပြီးနောက် ဆရာမကြီးက သူနှင့်အတူပါလာသူ တပည့်သုံးဦးနှင့် ကျွန်တော့်အား မိတ်ဆက်ပေးပါသည်။

"ကဲ– သားသား၊ ဆရာမကြီးနဲ့သားသား အဖော်တွေက ကျောင်းသွားဘို့ လာခေါ်နေကြပြီ၊ လိုက်သွားလေ" ဟု ဖေဖေက ကျွန်တော့်ကို တိုက်တွန်းလျက်ရှိ၏။ ကျွန်တော့် သူငယ်ချင်း သစ်များ ဖြစ်ကြသည့် အောင်ဘု၊ အုံးမောင်နှင့် ကျော်

ကျော် တို့ကလည်း ကျွန်တော့်ကို ကျောင်းသွားရန် ဖော်ရွေစွာဖြင့် ဖိတ်ခေါ် လျက်ရှိ၏။

"ကဲ– မောင်မောင်၊ လာပါသူငယ်ချင်း ဘာမှ အားငယ်စရာမလိုပါဘူး။ ရန်ကုန်မှာလို ဒို့မြို့မှာလဲ ပျော်စရာကောင်းပါတယ်ကွာ"ဟု ပြောကြပြီး ကျွန်တော့်လွယ်အိတ်ကို ဆွဲသူကဆွဲ၊ ကျွန်တော့် ဦးထုပ်ဆောင်းပေးသူကဆောင်းပေး ကြ၏။ အလွန်ချစ်စရာ ခင်မင်စရာကောင်းသည့် သူငယ်ချင်းများ ဖြစ်ကြ၏။ သို့ဖြင့် ကျွန်တော်သည် သူတို့နှင့် အတူ ကျောင်းသို့ လိုက်ပါသွား၏။

ထိုနေ့အဖို့ ကျွန်တော် အလွန် ပျော်ပါသည်။ ဆရာမကြီးသည် ကျွန်တော်၏ အတန်းဖြစ် သော စတုတ္ထ တန်းမှ ကျောင်းသား ကျောင်းသူများနှင့် မိတ်ဆက် ပေး ပါ သည်။ မောင်မောင်၊ မောင်မောင်နှင့် ကျွန်တော့်ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြပါသည်။ နေ့လယ်အားလပ် ချိန်တွင် အောင်ဘ၊ အုံးမောင်၊ ကျော်ကျော် နှင့် ကျွန်တော်သည် မုံ့အတူတူ ဝယ်စားကြပါသည်။ ညနေပိုင်းတွင် ဆရာမကြီးက ကျွန် တော့် ကို ပုံပြောခိုင်းပါသည်။ ကျွန်တော်က ပုံပြင်တခုကို ပြော ပြ ရာ ကျောင်းသူ ကျောင်းသားတိုင်းက "မောင်မောင် ပုံပြောတော်တယ်"ဟု ဆိုကာ လက်ခုပ်တီး၍ အားပေးကြပါသည်။

ညနေ ကျောင်း ဆင်း ချိန် အိမ်သို့ အပြန်တွင် အောင်ဘ၊ အုံးမောင်နှင့် ကျော်ကျော်တို့က ကျွန်တော့်ကို အိမ် အ ရောက် လိုက်ပို့ပေးကြပါသည်။ အိမ်အဝတွင် ဖေဖေနှင့် မေ မေ သည် ကျွန်တော့်အား ပြုံး၍ ဆီးကြိုနေပါသည်။ ကျွန်တော်သည် သူငယ်ချင်းများအား နှုတ်ဆက်၍ ဖေဖေနှင့် မေမေထံသို့ပြေးသွားပါသည်။ ဖေဖေက ကျွန်တော့်ကို ဆီး၍ ဖက် ထား လိုက် ပါသည်။

"ဒီမြို့မှာလဲရန်ကုန်မှာလိုဘဲ ပျော်စရာ ကောင်းပါတယ် ဖေဖေ။ သားသားသူငယ်ချင်း သစ်တွေက သားသားကို သိပ်ခင်ကြတာဘဲ။ စာသင် ရတာလဲ ပျော်စရာ ကောင်းပါတယ် ဖေဖေ"

"အေးဟုတ်ပြီ။ ဖေဖေ့သားခုလို သဘောပေါက် လာတာ ဖေဖေရော မေမေပါ ဝမ်းသာတယ်။ တကယ်တော့ ဗမာပြည် ဘယ်အရပ်မှာနေနေ ဖေဖေတို့ တိုင်းရင်းသား လူမျိုးအားလုံးဟာ အခုလိုဘဲ ခင် မင် စ ရာ ကောင်းတာဘဲကွဲ့။ ဒီတော့သားသား အတွက် သူငယ်ချင်းတွေဟာ နေရာတိုင်းမှာ ရှိတာပေါ့ကွယ်"

ကျွန်တော်သည် ဖေဖေ၏ ပြောစကားကို နားထောင်ရင်း ပျော်ရွှင်လျက်ရှိပါသည်။

## မပုကြွယ်ပုံပြင်

မပုကြွယ် ကျောင်းသူလေး၊
စာမရလို့မှိုင်ကာတွေး။

နေ့နေ့ လေးလေး ခရှယ်၊
ခရီးသွားနေတယ်။

မပုကြွယ် မြင်မြန်တော့၊
စိတ်ပျက်မိရှာပေါ့။

ဘယ်တော့မှကွယ် ရှယ်၊
ပန်းတိုင်ရောက်ပါမယ်။

မပုကြွယ် အသာတွေး၊
သစ်ပင်အောက်မှာမေး။

တရေးနိုးတော့ ခရှယ်၊
ဘယ်ဆီရောက်နေတယ်။

မပုကြွယ် အံ့ပါရော့၊
သစ်ပင်ထိပ်မှာပေါ့။

ဖြေးဖြေးမလျှော့ ခရီးနှင်၊
ပန်းတိုင်ရောက်မည်ပင်။

အသိတွင် စိတ်မှတ်စွဲ၊
အောင်မြင်ရမလွဲ။

မောင်လှိုင်သွင်



R. 517



# ဝံပုလွေ

ဝံပုလွေသည် ခွေးမျိုးစုတွင် ပါဝင်သော သားစားနို့တိုက်သတ္တဝါ ဖြစ်သည်။ အသွင်အပြင်မှာ ပိန်သော ခြေတရှည်ခွေးနှင့် ဆင်ဆင်တူသည်။ နဖူးပြင်ကားပြီး နှာခေါင်း ရှည်ကာ နှုတ်သီးချွန်သည်။ အန်စာ တောင့်တင်းသော မေးရိုးရှိသည်။ ယင်း၏အမြီးမှာ အမွေးထူထဲစွာရှိပြီး အမြဲအောက်သို့ ညွှတ်ကျနေလေ့ ရှိသည်။ နားရွက်များမှာ အဖျားချွန်လျက် အမြဲထောင်နေလေ့ ရှိသည်။

ရာသီဥတုကိုလိုက်၍ ဝံပုလွေ၏ အရောင်သည်လည်း အမျိုးမျိုးရှိသည်။ မြောက်ပိုင်း ရေခဲဒေသများတွင် နေထိုင်ကျက်စားသော ဝံပုလွေများ၏ အမွေးအရောင်မှာ ဖြူဖြော့ဖြော့ ဖြစ်သည်။ ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်ရှိ ဝံပုလွေများမှာ နီကြင့်ကြင့်အရောင် ဖြစ်သည်။

အရွယ်ရောက်ပြီး ဝံပုလွေတကောင်၏ ကိုယ်ထည်အလျားမှာ ခေါင်းမှအမြီးဖျားအထိ ငါးပေကျော်ခန့် ရှည်လျားပြီး၊ မြေပြင်မှ ပုခုံးထိပ်အထိ အမြင့်မှာ နှစ်ပေခွဲခန့်ရှိသည်။ ကိုယ်အလေးချိန်ပေါင် ၁၀၀ ကျော်ခန့်ရှိသည်။

ဝံပုလွေများသည် မြေကျင်းများ၊ ကျောက်လိုဏ်ဂူများတွင် နေထိုင်လေ့ရှိသည်။ တကြိမ်လျှင် သားခုနစ်ကောင်အထိ ပေါက်ဖွားသည်။

ဝံပုလွေများသည် အများအားဖြင့် အုပ်ဖွဲ့၍ နေကြသည်။ အုပ်ဖြင့် အမဲလိုက်လေ့ရှိပြီး၊ ရရှိသော အစာကို ဝေမျှစားကြသည်။ ယုန်၊ ကြွက် စသည့်သားကောင်ငယ်များ သာမက သိုး၊ နွား၊ မြင်း စသည့် သားကောင်ကြီးများကိုပါ တိုက်ခိုက်သတ်ဖြတ် စားသောက်လေ့ရှိသည်။
ဆိုဗီယက် ယူနီယံသည် ကမ္ဘာပေါ်တွင် ဝံပုလွေ အပေါများဆုံး နိုင်ငံဖြစ်သည်။ ဝံပုလွေကို ယဉ်ပါးအောင် မွေးမြူ လေ့ကျင့်၍ ရသည်။



ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦး[illegible]ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/